# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်**

**(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို နံနက် ၁၀း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးမှ တင်ပြပါမယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၂ ရက်၊

(၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၂ ရက်၊

(၃) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသော်ဇင် ခွင့် ၁ ရက်၊

(၅) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၆) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၁ ရက်၊

(၇) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၈) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၉) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၁၀) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၁၁) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်နှင့်

(၁၂) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် မွေးမြူရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စီမံချက်များရေးဆွဲကာ စီမံကိန်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ဟာ မြေလွတ်၊ မြေရိုင်းနှင့် စားကျက်များ၊ မြစ်ချောင်းအင်းအိုင်များ ပေါများပြီးတော့မှ ပင်လယ်ကမ်းခြေနယ်နိမိတ် ရှည်လျားစွာတည်ရှိတဲ့ ပြည်နယ်ဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းဟာ ရခိုင်ပြည်နယ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းဖြစ်ထွန်းအောင်မြင်အောင် လုပ်ဆောင်နိုင်ဖို့အတွက် ရေ၊ မြေ၊ ရာသီဥတုနှင့်အခြေအနေလည်း အလွန်ပေးတဲ့ ပြည်နယ်တစ်ခုလည်းဖြစ်ပါတယ်။ ထွက်ရှိတဲ့ထုတ်ကုန်များကိုလည်းပဲ အိမ်နီးချင်းနိုင်ငံများသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်တဲ့ဈေးကွက်လည်း နီးကပ်စွာတည်ရှိနေပါတယ်။ ရခိုင်ပြည်နယ်ရဲ့မွေးမြူရေးလုပ်ငန်းများကို ထိရောက်စွာလုပ်ဆောင်ပေးနိုင်မယ်ဆိုလို့ရှိရင် ပြည်နယ်အတွက်သာမက နိုင်ငံတော်ရဲ့စီးပွားရေးကိုပင် အထောက်အကူပြုနိုင်မယ့်လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ စံပြသားဖောက်လုပ်ငန်းစခန်းများ၊ စံပြမွေးမြူရေးစခန်းများ၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးပြီးတော့မှ မွေးမြူရေးလုပ်ကိုင်သူများကို သင်တန်းပေးမယ်၊ ပညာပေးမယ်၊ နည်းပညာအကူအညီများ၊ ရင်းနှီးမြှုပ်နှံမှုချေးငွေများ ကူညီထောက်ပံ့ပေးဖို့ လိုအပ်ပါတယ်။ အခြေအနေပေးတဲ့နေရာများမှာ တိရစ္ဆာန်ရောဂါကင်းရှင်းရေးဇုန် မွေးမြူရေးလုပ်ငန်းများ ဖော်ထုတ်ပြီးတော့မှ မွေးမြူရေးလုပ်ငန်း တိုတက်စေရေးအတွက် နိုင်ငံတော်က စီမံကိန်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးမယ်ဆိုရင် ရခိုင်ပြည်နယ်ရဲ့ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ဖြစ်ထွန်းလာပြီးတော့မှ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်သကဲ့သို့ ဆင်းရဲမွဲတေမှုလျှော့ချရေးရည်မှန်းချက်များကိုလည်းပဲ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ မွေးမြူရေးလုပ်ငန်းများဟာ ခေတ်မီနည်းပညာ၊ ဈေးကွက်ယှဉ်ပြိုင်မှုစတဲ့ အခက်အခဲများကြောင့် အကျိုးအမြတ်နည်းပါးခြင်း၊ လုပ်ငန်းချဲ့ထွင်နိုင်မှုမရှိခြင်း၊ မွေးမြူရေးလုပ်ငန်းများ လျော့နည်းလာခြင်းတို့နဲ့ တွေ့ကြုံခံစားနေရသဖြင့် ရခိုင်ပြည်နယ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ဖြစ်ထွန်းလာရေးအတွက်၊

အဆင့်မြှင့်တင်နိုင်ရေးတို့အတွက်ကို စီမံချက် စနစ်တကျချမှတ်ပြီးတော့မှ နိုင်ငံတော်ရဲ့စီမံကိန်းတစ်ရပ် အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါ တယ်။

## ဖြေကြားချက်

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ မေးမြန်းတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ရခိုင် ပြည်နယ်ရဲ့ သား၊ ငါးကဏ္ဍမှာအပါအဝင်ဖြစ်တဲ့ မွေးမြူရေးကဏ္ဍတိုးတက်ရေးအတွက်ကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရခွင့်ပြုငွေကျပ် ၂၃၃.၈၂ သန်းဖြင့် ပေါက်တောမြို့နယ်မှာ ရေငန်ပုစွန်သားဖောက်စခန်းတည်ဆောက်ခြင်း၊ ကျောက်တော်မြို့နယ်မှာ ရေချိုငါးသားဖောက်စခန်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီးတော့ ပုဂ္ဂလိကကဏ္ဍမှ သားပေါက်များကို ဖြည့်ထုတ် နိုင်ရေးအတွက်ကို စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် အမ်းမြို့နယ်များမှာ တစ်ပိုင်တစ်နိုင် သားဖောက်ရုံများကို ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၀ နဲ့ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ထို့ပြင် ရခိုင်ပြည်နယ် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို လက်ရှိ မွေးမြူထားတဲ့တိရစ္ဆာန်များကို ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ကျွဲ၊ နွားများကို ကျွဲ၊ နွားလည် ချောင်းကွဲရောဂါ၊ ဒေါင့်သန်းရောဂါ၊ ပေါင်ပုတ်လက်ပုတ်ရောဂါ၊ ခွာနာလျှာနာရောဂါ စတဲ့ ကာကွယ် ဆေးများ ပုံမှန်ထိုးပေးလျက်ရှိပြီး ဝက်၊ ကြက်၊ ဘဲနှင့် အခြားတိရစ္ဆာန်များကိုလည်း လိုအပ်ချက်များ ပေါ်မှာမူတည်ပြီးတော့ ကာကွယ်ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်း တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းအနေနဲ့ မွေးမြူလိုသူလုပ်ငန်းရှင်များ၊ တပ်ရင်းတပ်ဖွဲ့များကို ဒိုက်ဦး-ပျဉ်းမပင်ဝက်မွေးမြူရေးခြံများမှ ဝက်မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ နွားမျိုးများမြှင့်တင်သားစပ်ပေးနိုင်ရေးအတွက်ကို နို့စားနွား၊ ခိုင်းနွားမျိုးများကို ဌာနမှထုတ်ပေးလျက်ရှိပြီးတော့ မေထုန်မဲ့သားစပ်နည်းနဲ့ ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ဆိတ်မျိုးများကို သွေးနီးသားစပ်မှုမဖြစ်စေရန်အတွက်ကို မကွေးတိုင်းဒေသကြီးမှ မျိုးဆိတ်သိုးများ ဝယ်ယူဖြန့်ဖြူးပေးခြင်း၊ ကြက်၊ ဘဲသားပေါက်များကို မျိုးကောင်းမျိုးသန့်ရရှိရေးဌာနမှ တာဝန်ယူပြီးတော့ဆောင်ရွက်ပေးလျက်ရှိပြီးတော့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသူများနှင့် ဌာနတွင်း အမှုထမ်းများကိုမွေးမြူရေးအကြောင်း ပညာပေးသင်တန်း၊ တိရစ္ဆာန်အာဟာရဗေဒသင်တန်း၊ တိရစ္ဆာန်ကူးစက်ရောဂါများဆိုင်ရာသင်တန်း၊ တိရစ္ဆာန်ကာကွယ်ဆေးထိုးသင်တန်းနှင့် မေထုန်မဲ့သားစပ်ခြင်းသင်တန်းများကိုပို့ချပေးလျက်ရှိပါတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် CP ကုမ္ပဏီတို့ပူးပေါင်းပြီးတော့ ရခိုင်ပြည်နယ်အတွင်းမှာ CP စံပြကျေးရွာ သုံးရွာရွေးချယ်ပြီးတော့ မွေးမြူရေးလှည့်ပတ်ရန်ပုံငွေ ထူထောင်ပေးခြင်းနှင့် ထိုင်းဒေသမွေးမြူရေးလုပ်ငန်းများကို လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရခိုင်ပြည်နယ်ဒေသနွားမျိုးများအား အသားတိုးနွားအဖြစ် မွေးမြူနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)ကမျိုးနွားသိုး ဖြန့်ဖြူးပေးရန်ဆောင်ရွက်ထားရှိခြင်း၊ ဒေသခံမွေးမြူရေးသမားများကို အစာအာဟာရဗေဒသင်တန်းများတွင်လည်းကောင်း၊ အသားတိုးနွားမွေးမြူစောင့်ရှောက်နည်း သင်တန်းများကိုခေါ်ယူပေးလျက်ရှိပြီးတော့ ပုစွန်မွေးမြူသူဦးရေ ၆၈၄၂ ဦး၊ ဧက ၁၁၀၈၉၅ ရှိ မွေးမြူရေးလုပ်ငန်းရှင်များကိုအဓိကလိုအပ်ချက်ဖြစ်တဲ့ ရေငန်ပုစွန်သားပေါက်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက်ကိုငါးလုပ်ငန်းဦးစီးဌာနရဲ့ ရှိပြီးစခန်းများကို အဆင့်မြှင့်တင်နိုင်ရန်နှင့် ပေါက်တောမြို့နယ်၊ စိုးမဲကျီရေငန်ပုစွန်သားပေါက်စခန်းဟောင်းနေရာမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရအဖွဲ့မှငွေလုံးငွေရင်းဘတ်ဂျက်ခွင့်ပြုငွေ ၁၂၈.၄၆ သန်းနဲ့ ရေငန်ပုစွန်သားပေါက်စခန်းသစ် ထပ်မံတည်ဆောက်ရန်စီစဉ်လျက်ရှိပါတယ်။ အိမ်နီးချင်းနိုင်ငံများကို အလွယ်တကူ တင်ပို့ရောင်းချနိုင်တဲ့ဈေးကွက်ရရှိရေးအတွက်ကို ရေချိုငါးမြစ်ချင်း၊ ငါးမျိုးများအပါအဝင် ရေချိုငါးသားပေါက်များ၊ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်အတွက်ကို ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဘူးသီးတောင်မြို့နယ်၊ ကကျဘက်ကျေးရွာ

မှာရေချိုငါးသားပေါက်စခန်းအတွက် ပြည်နယ်အစိုးရမှ ငွေလုံးငွေရင်းဘတ်ဂျက် ခွင့်ပြုငွေ ၂၄.၅ သန်းနဲ့ တည်ဆောက်ပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျောက်တော်မြို့နယ်၊ သစ်တပုံ ဆည်အနီးမှာ ရေချိုငါးသားပေါက်စခန်းတစ်ခုတည်ဆောက်ရန် ပြည်နယ်အစိုးရက ငွေလုံးငွေရင်း ဘတ်ဂျက်ခွင့်ပြုငွေ ၁၀၅.၃၆ သန်းနဲ့ အပြီးတည်ဆောက်ရန် စီစဉ်လျက်ရှိပါတယ်။

ထို့အပြင် ရေချိုငါးသားပေါက်စခန်းများကို ငါးလုပ်ငန်းဦးစီးဌာနမှ တည်ဆောက်တဲ့နည်းတူ ပုဂ္ဂလိကကဏ္ဍမှလည်း သားပေါက်များ အားဖြည့်ထုတ်လုပ်လာနိုင်စေရေးအတွက်ကို ငါးသား ဖောက်ရုံ တစ်ပိုင်တစ်နိုင်တည်ဆောက်ရန်အတွက်ကို စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ အမ်း မြို့နယ်များကို ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) ခွင့်ပြုငွေ ငါးသားပေါက်စခန်းတစ်ခုမှာ ကျပ်သိန်း ၅၀ ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်ရန် စီစဉ်လျက်ရှိပြီး မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် ၂၀၁၃-၂၀၁၄ ခုနှစ် ရေချို၊ ရေငန်၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းသင်တန်း များကိုလည်း ပို့ချပေး၍ မွေးမြူရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ အလုပ်အကိုင်၊ ပတ်ဝန်းကျင် ထိခိုက်မှုရှိလာပါက မည်သို့ တင်ပြဆောင်ရွက်ရမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေးမောက်၊ မလှိုင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ဒီနေ့ရင်းနှီးမြှုပ်နှံမှုအရ အထပ်မြင့်အဆောက်အအုံများ၊ စုပေါင်း အိမ်ရာများ၊ ဟိုတယ်များ စသည်ဖြင့် ဆောက်လုပ်တဲ့နေရာမှာ စံချိန်စံညွှန်းအရ ဆောက်လုပ်ရေးဌာနမှ စစ်ဆေးသကဲ့သို့ အခြားကိစ္စရပ်များမှာ မည်ကဲ့သို့ စစ်ဆေးနေသည်၊ မည်သို့ လိုက်နာခြင်းမရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်နှင့်ပတ်သက်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လုပ်ငန်း ဆောင်ရွက်ရာမှာ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ ထိခိုက်ခြင်း၊ လူမှုရေးအရထိခိုက်ခြင်း၊ ကျန်းမာရေး ထိခိုက်ခြင်း၊ ထုံးတမ်းစဉ်လာပျက်စီးဆုံးရှုံးနစ်နာမှုရှိခြင်းနဲ့ နိုင်ငံသားများလုပ်ကိုင်ရမယ့်နေရာမှာ နိုင်ငံခြားသားများ ဝင်ရောက်လုပ်ကိုင်မှုကိုလည်း စစ်ဆေးခြင်းရှိ/မရှိ။ ဒီစီမံကိန်းဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ကိုင်ရာမှာ တည်ဆဲအမိန့်၊ ညွှန်ကြားချက်များမလိုက်နာဘဲနဲ့ ပြည်သူများရဲ့သတ်မှတ်

အလုပ်ချိန်ပြင်ပမှာ အနှောက်အယှက်ဖြစ်စေသည့် ဆူညံသံများဖြင့် လုပ်ငန်းများဆောင်ရွက်ခြင်း၊ လမ်းပိတ်ဆို့မှုရှိခြင်း၊ ညစ်ညမ်းစေခြင်း ကိစ္စရပ်များဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်များကို အချိန်အတိုင်းမလိုက်နာဘဲ ဖောက်ဖျက်ကျူးလွန်ပြီး ဆောင်ရွက်ခြင်း။ ၎င်းကဲ့သို့ ဆောင်ရွက်တဲ့အတွက် ပြည်သူများမှာ ဒုက္ခရောက်ရခြင်းတို့နှင့်ပတ်သက်လို့ မည်ကဲ့သို့ စစ်ဆေးကြပ်မတ်နေသည်ကို သိလိုပါကြောင်းနဲ့ လိုက်နာဆောင်ရွက်ခြင်းမရှိပါက မည်ကဲ့သို့အရေးယူသည်ကို သိလိုပါကြောင်း ထိုသို့ လိုက်နာဆောင်ရွက်ခြင်းမရှိမှုအပေါ် မည်ကဲ့သို့ ပြည်သူများမှ တိုင်ကြားဆောင်ရွက်ရမည်ကို သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအေးမောက် မေးမြန်းထားတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ အလုပ်အကိုင်၊ ပတ်ဝန်းကျင်ထိခိုက်မှုရှိလာပါက မည်သို့တင်ပြဆောင်ရွက်ရမည်ကို သိလိုကြောင်း မေးမြန်းထားခြင်းအား မေးခွန်း(က)ကနေပြီးတော့ (င)အထိ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(က)ကတော့ အထပ်မြင့်အဆောက်အအုံများဖြစ်တဲ့ စုပေါင်းအိမ်ရာများ တည်ဆောက်ရာမှာ အရည်အသွေး၊ စံချိန်စံညွှန်းစစ်ဆေးခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများက ကြီးကြပ်၍ဆောင်ရွက်လျက်ရှိပြီးတော့ အဆောက်အဦလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းခြင်း မဖြစ်စေရအောင် သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများရှိပြီး ဖြစ်ပါတယ်။ အဆောက်အအုံများ ဆောက်လုပ်ရာမှာ ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုမရှိအောင် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းထားပြီး လုပ်ငန်းများ

ဆောင်ရွက်ရာမှာ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကိုလည်းပဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားခြင်း၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုတို့ ပါဝင်ခြင်းတို့အပေါ် မူတည်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုချက်လျှောက်ထားစဉ်ကပင် တည်ဆောက်ရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာချက်နှင့် လူမှုရေးထိခိုက်နိုင်မှု ဆန်းစစ်လေ့လာချက်တို့ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ထောက်ခံချက်နှင့်တကွ တင်ပြကြရတာ ဖြစ်ပါတယ်။ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းစေတာ တွေ့ရှိခဲ့ပါက ပြည်သူများအနေဖြင့် သက်ဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် လုပ်ငန်းဆောင်ရွက်သော ဌာနများမှ တာဝန်ရှိသူများထံ တင်ပြပါက အရေးယူဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(ခ)ကတော့ လုပ်ငန်းခွင်တွေမှာ ပြည်ပနိုင်ငံသားများကို ကျွမ်းကျင်သူများအဖြစ် လာရောက်လုပ်ကိုင်ခွင့်အတွက် သက်ဆိုင်ရာလုပ်ငန်းရှင်များကလည်းကောင်း၊ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများကလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများကို တင်ပြဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ ပြည်ပနိုင်ငံသားဖြစ်တဲ့အတွက် ပြည်ဝင်ခွင့်ဗီဇာနှင့် နေထိုင်ခွင့်ပါမစ်၊ အလုပ်လုပ်ခွင့်ပါမစ် ခွင့်ပြုချက်တွေရရှိပြီးမှသာ လုပ်ကိုင်ခွင့်ရတာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ တရားဝင်ခွင့်ပြုချက် အထောက်အထားများ ကိုင်ဆောင်ထားခြင်းရှိ/မရှိကိုတော့ ဒေသအာဏာပိုင် အဖွဲ့အစည်းများနဲ့ သက်ဆိုင်ရာဌာနများက အခါအားလျော်စွာ စစ်ဆေးတဲ့အခါ အထောက်အထားများပြသစစ်ဆေးခံရမှာ ဖြစ်ပြီး ပျက်ကွက်မှုရှိပါက အရေးယူခံရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(ဂ)ကတော့ မိမိနိုင်ငံသားများ မလုပ်နိုင်တဲ့ ကျွမ်းကျင်မှုလိုအပ်တဲ့ အလုပ်နေရာများမှာသာ ပြည်ပနိုင်ငံသားများကို အမှန်တကယ်ကျွမ်းကျင်မှု လိုအပ်လို့ခေါ်ယူလုပ်ကိုင်စေတာ ဟုတ်/မဟုတ်ကို ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလုပ်ရုံနှင့်အလုပ်သမား

ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အစည်းတွေ ပူးပေါင်းပြီး ကွင်းဆင်းစစ်ဆေးလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(ဃ) ကတော့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတွေထဲမှာ ဒေသခံပြည်သူ တွေနဲ့ ပြည်ပနိုင်ငံသားများ အလုပ်လာလုပ်သူတွေ ဆက်ဆံရေးအဆင်ပြေစေဖို့ သတ်မှတ်ထားတဲ့ စည်းကမ်း၊ ညွှန်ကြားချက်တွေနဲ့အညီ နေထိုင်ကြစေဖို့ ကြပ်မတ်စစ်ဆေးမှု အရေးကြီးကြောင်း တင်ပြ ထားတာဖြစ်ပါတယ်။ ဒေသခံပြည်သူတွေနဲ့ အဆင်ပြေစွာ ဆက်ဆံနေထိုင်နိုင်ဖို့အတွက် အလုပ်လာ လုပ်တဲ့ ပြည်ပနိုင်ငံသားများအနေနဲ့ စည်းမျဉ်းစည်းကမ်းများကို လိုက်နာနေထိုင်ကြမယ်ဆိုရင် ပြဿနာအလွန်နည်းမှာဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်းလိုက်နာမှုနဲ့ ပတ်သက်ပြီးသက်ဆိုင်ရာ တာဝန်ခံထားတဲ့ လုပ်ငန်းရှင်နှင့်ဌာနအဖွဲ့အစည်းများက အမြဲမပြတ်စောင့်ကြည့်နေရန် လိုအပ်မှာဖြစ် ပါကြောင်း တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(င)ကတော့ စီမံကိန်း/ဆောက်လုပ်ရေးလုပ်ငန်းများမှာ တည်ဆဲ အမိန့်ညွှန်ကြားချက်များကို မလိုက်နာဘဲ သတ်မှတ်အလုပ်ချိန် ပြင်ပမှာ ဆူညံသံဖြင့်လည်းကောင်း၊ ညစ်ညမ်းမှုဖြစ်စေခြင်းဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်လူထုကို အနှောင့်အယှက်ဖြစ်စေခြင်း၊ လမ်းများပိတ်ဆို့ခြင်းတို့ကို ပြည်သူများက မည်သည့်ဌာနသို့ တင်ပြရမည်ကို မေးမြန်းထားခြင်းဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများမှာ သတ်မှတ်ထားတဲ့ အလုပ်ချိန်ပြင်ပမှာ ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်စေနိုင်တဲ့ ဆူညံသံဖြင့် လုပ်ငန်းဆောင်ရွက်မှု မလုပ်ရန်ကိုလည်းကောင်း၊ လမ်းပိတ်ဆို့မှုကိုမဖြစ်စေရန် စည်းကမ်းသတ်မှတ်ချက်၊ ညွှန်ကြားချက် တွေရှိပြီး ဖြစ်ပါတယ်။ လိုက်နာမှုမရှိတာကိုတွေ့လျှင် ပြည်သူတွေအနေနဲ့ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးထံဖြစ်စေ၊ မြို့နယ်စည်ပင်သာယာရေးရုံးသို့ဖြစ်စေ အရေးယူပေးပါရန် တင်ပြနိုင်ပါ ကြောင်း လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းထားသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ဖြစ်သော ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကိုဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၆-၁၁-၂၀၁၄ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက် မရှိအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့

ပေးပို့ထားသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို ၂၆-၁၁-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ရှင်းလင်းတင်ပြသဘောထား မှတ်ချက်ပြုဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်ကို အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက တင်သွင်းတဲ့ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှာ စတင်တင်သွင်းခဲ့ပြီး ၁၀-၁၁-၂၀၁၄ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် သဘောတူပြီး အမျိုးသားလွှတ်တော်ကို ပေးပို့ခဲ့ပါတယ်။

၂။ ယင်းဥပဒေကြမ်းကို ၂၅-၁၁-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်ဇယားများကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပါတယ်။

၃။ ယင်းဥပဒေကြမ်းဟာ ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရာတွင် ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ခံမှုရှိရေး၊ နိုင်ငံတော်၏ စီးပွားရေး၊ ငွေရေးကြေးရေးအခြေအနေတိုးတက်တည်ငြိမ်ရေးနှင့် ပြည်တွင်းပြည်ပကြွေးမြီများ လျော့နည်းရေးတို့အတွက် ရည်ရွယ်တင်သွင်းကြောင်း စိစစ်တွေ့ရှိရပါတယ်။

၄။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ၂၆-၁၁-၂၀၁၄ ရက်နေ့ ညနေ ၆ နာရီအချိန်မှာ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ဥပဒေကြမ်းကိုစိစစ်ခဲ့ကြပါတယ်။ ယနေ့အချိန်အခါဟာ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး၏ ရပ်နားမည့်ကာလနှင့်လည်း တိုက်ဆိုင်နေပါတယ်။ ယင်းအပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ

အသုံးဆိုင်ရာ ဥပဒေကြမ်းရေးဆွဲနိုင်ရေး ပြင်ဆင်နေသောကာလလည်းဖြစ်ပါတယ်။ အချိန်မီအတည်ပြု ရေးအထူးအလေးထား ဆောင်ရွက်ရမည့်သဘောဖြစ်ကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါတယ်။

၅။ ဒါ့အပြင် အချိန်မီအတည်ပြုပြီး ပေးပို့ထားပါမှ ဤဥပဒေကြမ်း၏ အကျိုးသက်ရောက်မှု ကိုလည်း စတင်ရရှိလာနိုင်ပြီး ပြင်ဆင်တဲ့အချက်များရှိပါကလည်း ကျွန်တော်တို့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုလွှတ်တော်တွင် ပြင်ဆင်နိုင်ခွင့်ရှိကြောင်းကိုလည်း သုံးသပ်တွေ့ရှိရပါတယ်။

၆။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်း၏ ပြင်ဆင်ချက်ဇယားပါအချက် ၅၂ ချက် အနက် ပြည်သူ့လွှတ်တော်အတိုင်း သဘောတူထားတဲ့ အချက် ၁၆ ချက်၊ အမျိုးသားလွှတ်တော်က ထပ်မံပြင်ဆင်ချက် ၃၆ ချက် စုစုပေါင်းအချက် ၅၂ ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လွှတ်တော်သို့ အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီကို မေးလိုပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် များနဲ့ ပေးပို့လိုက်တဲ့ ပြင်ဆင်ချက်များအပေါ် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဘယ်နှစ်ခု ပေးပို့လာပါသလဲ။ မိုက်ပေးပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ၃၆ ချက်။

**ဥက္ကဋ္ဌ**။ ။ အဲ့ဒီ ၃၆ ချက်က လက်ရှိဖြန့်ဝေထားတဲ့ ဇယားတွေမှာ ပါပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပါပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပါလို့ရှိရင် အဲ့ဒီအမျိုးသားလွှတ်တော်က ပြင်ဆင်ချက် ၃၆ ချက်ကို ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ်ကိုသာဖော်ပြပြီးတော့ အားလုံးကြားသိ အောင်ဖတ်ကြားဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ ကျွန်တော်တို့ အမှတ်စဉ် ၂ ဖြစ်ပါတယ်။ ပယ်ဖျက်ပြီးနောက် အမှတ်စဉ် ၃ အခန်း(၁) ရဲ့အမည်ဖြစ်ပါတယ်။ နောက် အမှတ်စဉ် ၅ ပယ်ဖျက်သည် ဖြစ်ပါတယ်။ နောက် အမှတ်စဉ် ၆ ပယ်ဖျက်သည် ဖြစ်ပါတယ်။ အမှတ်စဉ် ၇ ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ အမှတ်စဉ်

၉ ပယ်ဖျက်ခြင်း ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ စာမျက်နှာ ၄ အမှတ်စဉ် ၁၀ ပယ်ဖျက်ခြင်း ဖြစ်ပါတယ်။ နောက် အမှတ်စဉ် ၁၁ အခန်း(၂) ခေါင်းစဉ်နဲ့ ကျွန်တော်တို့ ခေါင်းစဉ်အား ပြင်ဆင်ချက်ဖြစ်ပါတယ်။ စာမျက်နှာ ၆ ရဲ့ အမှတ်စဉ် ၁၅၊ အမှတ်စဉ် ၁၆၊ အမှတ်စဉ် ၁၇ ဖြစ်ပါတယ်။ နောက် စာမျက်နှာ ၇ ရဲ့အမှတ်စဉ် ၁၈ အခန်းခေါင်းစဉ်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခဏလေး။ စာမျက်နှာ ၆ အမှတ်စဉ် ၁၅၊ အမှတ်စဉ် ၁၆၊ အမှတ်စဉ် ၁၇။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ နောက် စာမျက်နှာ ၇ ရဲ့ အမှတ်စဉ် ၁၈။ နောက် စာမျက်နှာ ၈ အမှတ်စဉ် ၁၉၊ ၂၀။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၈ အမှတ်စဉ် ၁၉ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်က ကျွန်တော်တို့ အပိုဒ်ခွဲ(င) မိုက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက်၊ နောက်အပိုဒ်ခွဲ (စ) ကိုပြင်ဆင်ထားပါတယ်။ ကျန်တဲ့အချက်များကို နောက်အပိုဒ်ခွဲ(ဈ) ကိုပြင်ဆင်ထားပါတယ်။ ကျန်တဲ့ အပိုဒ်ခွဲ(ဆ)၊ (ဇ)၊ (ည)နဲ့ (ဋ)ကိုတော့ ပြည်သူ့လွှတ်တော်အတိုင်းအတည်ပြုထားပါတယ်။ စာမျက်နှာ ၈ မှာလည်း အမှတ်စဉ် ၂၀ ကိုပြင်ဆင်ထားပါတယ်။ နောက် စာမျက်နှာ ၉ အမှတ်စဉ် ၂၁၊ စာမျက်နှာ ၉ အမှတ်စဉ် ၂၂၊ နောက် စာမျက်နှာ ၁၀ အမှတ်စဉ် ၂၃၊ စာမျက်နှာ ၁၁ အမှတ်စဉ် ၂၄။

**ဥက္ကဋ္ဌ**။ ။ ခဏလေး။ စာမျက်နှာ ၁၀ အမှတ်စဉ် ၂၃။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ ၁၀ အမှတ်စဉ် ၂၃၊ စာမျက်နှာ ၁၁ အမှတ်စဉ် ၂၄ နှင့် ၂၆။

**ဥက္ကဋ္ဌ**။ ။ ၂၆ က။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ၂၆ က ကျွန်တော်တို့ ပုဒ်မခွဲ ၁၄ အခန်း(၅)ရဲ့ ပုဒ်မ၄(က)(ခ)(ဂ)များကို ပယ်ဖျက်ထားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘတ်ဂျက်လိုငွေကို GDP ၏ ငါးရာခိုင်နှုန်းထက်မကျော်လွန်စေရန် မှန်လား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ မှန်ပါတယ်ခင်ဗျား။ နောက်တစ်ခုက နိုင်ငံတော်၏ နှစ်ကုန်တွင်စုစုပေါင်းကြွေးမြီစုစုပေါင်း GDB ၏ ၅၀ ရာခိုင်နှုန်းထက်မကျော်စေရန်ကို

ပယ်ဖျက်ထားပါတယ်။ (ဂ) ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းရန် ဗဟိုဘဏ်မှ ငွေချေးယူခြင်းကို ပယ်ဖျက်ထားပါတယ်။ နောက် အမှတ်စဉ်(ဃ)နဲ့ (င) ကိုလည်း ပယ်ဖျက်ထားပါတယ်။ စာမျက်နှာ ၁၂ ရဲ့ အမှတ်စဉ် ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄ ကိုပယ်ဖျက်ထားပါတယ်။ ဟုတ်ကဲ့။ ၃၄ ကစာသားအပြင်အဆင် ဖြစ်ပါတယ်။ စာမျက်နှာ ၁၃ အမှတ်စဉ် ၃၆၊ အမှတ်စဉ် ၃၉ နှင့် အမှတ်စဉ် ၄၁။ နောက်စာမျက်နှာ ၁၄၊ အမှတ်စဉ် ၄၃၊ အမှတ်စဉ် ၄၅၊ အမှတ်စဉ် ၄၆ အခန်းခေါင်းစဉ် ဖြစ်ပါတယ်။ နောက်စာမျက်နှာ ၁၅၊ အမှတ်စဉ် ၅၁ အခန်းခေါင်းစဉ် ဖြစ်ပါတယ်။ နောက်အမှတ်စဉ် ၅၂ ရဲ့(က)နှင့် (ခ)ကို စာသားပြင် ပါတယ်။ သို့ဖြစ်ပါ၍ စုစုပေါင်းအချက် ၃၆ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် နည်းဥပဒေ ၁၉၀ အရ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီဥပဒေကို စတင်တင်သွင်းတဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးသူရိန်ဇော်(ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကတော့ အကောင်းဆုံးဖြစ်မယ်ထင်ပြီး တင်လိုက်တာပါခင်ဗျား။ သို့သော် အခု ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကတော့ ကျွန်တော်တို့ လက်ခံနိုင်ပါတယ်ခင်ဗျား။ မျှတပြီးတော့ ပြောထားတာဖြစ်တဲ့အတွက် အဆုံးအဖြတ်ကို ခံယူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုလည်း ပြည်သူ့ငွေစာရင်းကော်မတီက မျှတတဲ့သဘောထားဖြစ်ကြောင်း၊ သဘောတူကြောင်း ပြောပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်း အဝေး (၃၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၇)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ကို ၁၁း၁၀ နာရီအချိန်တွင် ပြီးဆုံးပါသည်။]